## ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ Anti-Fiancial Crime Division (AFCD) ဆိုတာ ဘာလဲ?

ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ကို ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်အောက်မှာ ဖွဲ့စည်းထားပြီး ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းတွေကိုပဲ သီးသန့် ဆောင်ရွက်ရတဲ့ **"အထူးတပ်ဖွဲ့"** တစ်ခုပဲဖြစ်ပါတယ်။

## ငွေကြေးခဝါချမှုဆိုတာဘာလဲ?

မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းတွေ ၊ တရားမဝင်မှောင်ခိုလုပ်ငန်း၊ စတဲ့ တရားမဝင်လုပ်ငန်းတွေ ဆောင်ရွက်ပြီး ရရှိလာ တဲ့ ငွေကြေး၊ အကျိုးအမြတ်တွေကို ကုမ္ပဏီလုပ်ငန်း၊ ပွဲရုံလုပ်ငန်း၊ အိမ်ခြံမြေ လုပ်ငန်း စတဲ့ တရားဝင်လုပ်ငန်းတွေထဲ ရင်းနှီးမြှုပ်နှံပြီး ရရှိလာတဲ့ ငွေကြေး၊ အကျိုးအမြတ်များအဖြစ် အယောင်ဆောင်ပြောင်းလဲခြင်း ကို **"ငွေကြေးခဝါချခြင်း"** လို့ခေါ်ပါတယ်။

**"ငွေကြေးခဝါချခြင်းကြောင့် ရရှိလာတဲ့ တရားမဝင်ငွေကြေးတွေဟာ တရားဝင် စီးပွားရေးလုပ်ငန်းတွေကို ဝင်ရောက်လာတဲ့ အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ငွေကြေးစနစ်တွေကို ထိခိုက်စေပါတယ်။"**




**"ငွေကြေးခဝါချတဲ့ အကျိုးဆက်ကြောင့် သင်နဲ့သင့်မိသားစုပါ ခံစားနေရတာ သင်သိပါသလား။"**

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကို နိုင်ငံတကာ အလေးထားမှု

ငွေကြေးခဝါချမှုဟာ နိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေတဲ့အတွက် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအားလုံးက အလေးထား တိုက်ဖျက်ဆောင်ရွက်နေကြပါတယ်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအတွက် ကမ္ဘာ့နိုင်ငံတိုင်းမှာ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ Financial Intelligence Unit (FIU) တွေဖွဲ့စည်းထားပြီး မြန်မာနိုင်ငံမှာဖွဲ့စည်းထားတဲ့ **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို** Myanmar Financial Intelligence Unit (MFIU) လို့ခေါ်ပါတယ်။ **ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က** မြန်မာနိုင်ငံရဲ့ MFIU အဖြစ် တာဝန်ယူ ဆောင်ရွက်နေတာဖြစ်ပါတယ်။

## AFCD မှာ ဘာတာဝန်တွေ ဆောင်ရွက်ရသလဲ?

- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း။
- ကိုယ်ပိုင် Data Server ၊ ကိုယ်ပိုင် Web Portal များနဲ့ သတင်းပို့ခြင်းများကို လက်ခံခြင်း။
- ကိုယ်ပိုင်ရေးဆွဲထားတဲ့ Data Analysis Tool တွေနဲ့ ငွေကြေးခဝါချမှုအန္တရာယ်ရှိမရှိ စိစစ်ခြင်း။
- သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။
- ငွေကြေးခဝါချမှုများအား စုံစမ်းဖော်ထုတ်ခြင်း၊ တရားစွဲအရေးယူခြင်း။

**"ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကို နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်နေတဲ့အဖွဲ့အစည်းထဲမှာ သင် ပါဝင်ချင်ပါသလား"**

## AFCD မှာ ဘာကြောင့် တာဝန်ထမ်းဆောင်သင့်သလဲ?

- **ငွေကြေးခဝါချမှုတိုက်ဖျက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တဖက်တလမ်းက အကျိုးရှိစေနိုင်ပြီး နိုင်ငံ၏ ငွေကြေးစနစ် တည်ငြိမ်စေရန် အထောက်အကူဖြစ်စေနိုင်ခြင်း။**
- **Financial Fraud & Scam တိုက်ဖျက်ခြင်း၊ Money Trail Tracing ဆောင်ရွက်ခြင်း အတွေ့အကြုံများရရှိနိုင်ခြင်း။**
- **AML & Financial Crime Investigation Skill ၊ Data Analysis, Reporting Skill, Research Skill စသည့် skill များ ရရှိနိုင်ခြင်း။**
- **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဆက်အသွယ်ရရှိနိုင်ခြင်း။**
- **Anti-Money Laundering (AML) နှင့်ပတ်သက်၍ Professional တစ်ဦးအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ခြင်း။**

## ဘယ်သူတွေဝင်ရောက်သင့်လဲ?

- **နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လိုသူ။**
- **Data Server ၊ Networking & Programming စိတ်ပါဝင်စားသူ။**
- **Cyber Security နှင့် အသုံးချ A.I စိတ်ပါဝင်စားသူ။**
- **Analytical Thinking နှင့် ငွေစာရင်းအင်းပိုင်း စိတ်ပါဝင်စားသူ။**
- **ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ကို စိတ်ပါဝင်စားသူ။**
- **စုံစမ်း၊ စစ်ဆေး၊ ဖော်ထုတ်ခြင်း ကို စိတ်ပါဝင်စားသူ။**







**ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှာ ကွန်ပျူတာ၊ အင်္ဂလိပ်စာ နဲ့ ဥပဒေ ကိုအသုံးပြုပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေး တစ်ခုတည်းကိုပဲ ဆောင်ရွက်ရတယ်ဆိုတာ သင်သိပြီးပြီလား?**

## ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုဝင်ရောက်ဖို့ ဘာတွေလိုအပ်သလဲ?

**ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဦးစွာဝင်ရောက်ရမည်** ဖြစ်ပြီး ဝင်ရောက်ရန်အတွက် အောက်ပါအချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသည်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။
- သတ်မှတ်သည့် ဆေးစစ်ခြင်း အောင်မြင်ရမည်။
- မျက်မြင် စစ်ဆေးသည့် ၁၂ ချက် အောင်မြင်ရမည်။
- နယ်ဘက်တရားရုံးများတွင် အမှုအခင်း ကင်းရှင်းရမည်။
- မြန်မာနိုင်ငံအတွင်းမည်သည့်ဒေသ၌မဆိုတာဝန်ထမ်းဆောင်နိုင်ရမည်။
- အရပ် ၅ ပေ ၂ လက်မ နှင့်အထက် ရှိရမည်။
- ပေါင်ချိန် ၉၅ ပေါင် နှင့်အထက် ရှိရမည်။
- အသက် ၁၈ နှစ်ပြည့်ရမည်ဖြစ်ပြီး အမျိုးသားဖြစ်ပါက ၃၃ နှစ်ထက်မကြီးသူ၊ အမျိုးသမီးဖြစ်ပါက ၃၀ နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- အမျိုးသားဖြစ်ပါက ပညာအရည်အချင်း ၈ တန်း နှင့်အထက် အောင်မြင်သူဖြစ်ရမည်။
- အမျိုးသမီးဖြစ်ပါက တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- အမျိုးသမီးဖြစ်ပါက အိမ်ထောင်မရှိသူ(အပျို)ဖြစ်ရမည်။




## အနိမ့်ဆုံးလစာနှုန်းထား နှင့် ခံစားခွင့်များ

| | |
|---|---|
| မူရင်းလစာ | ၁၄၄၀၀၀ |
| ရိက္ခာစရိတ် (၃၁ x ၁၈၀၀) | ၅၅၈၀၀ |
| ထောက်ပံ့စရိတ် | ၆၀၀၀၀ |
| ပင်ပန်းကြမ်းတမ်းမှုနှင့်သက်စွန့်စရိတ် | ၅၀၀၀၀ |
| **စုစုပေါင်း** | **၃၀၉၈၀၀** |

**နေအိမ်လိုင်းခန်း၊ အခမဲ့ဆေးကုသနိုင်ခြင်း၊ ခွင့်များခံစားနိုင်ခြင်း၊ ဘွဲ့ရသည်အထိ ပညာဆက်လက်သင်ကြားနိုင်ခြင်း၊ ဘွဲ့ရရှိပါက ဒုရဲအုပ်လောင်းအရာရှိစာမေးပွဲ ဖြေဆိုနိုင်ခြင်း၊ သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားပညာတော်သင် လျှောက်ထားနိုင်ခြင်း။**

## ဆက်သွယ်ရန်

| | |
|---|---|
| **ဒုတိယရဲမှူးကြီး ကြူကြူစိန်** | **09893935993** |
| **ရဲမှူး မင်းယုနိုင်** | **09668480895** |
| **ဒုရဲအုပ် နိုင်လင်းဦး** | **09668480895** |
| **Email** | afcd.myanmar@gmail.com |
| | mfiu.website@myanmarfiu.com |
| **Website** | www.mfiu.gov.mm |

လိပ်စာ - ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ ကျွန်းရွှေမြိုင်လမ်း၊ ဧက(၁၀၀၀)၊ အင်ကြင်းဈေးအနီး၊ ဓနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
https://maps.app.goo.gl/N9K8MQaWJY7kiWAfA

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့**

**နေပြည်တော်**

**ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တွင်**

**တာဝန်ထမ်းဆောင်ရန်**

# “သင့်ကိုအလိုရှိသည်။”




**“ငွေကြေးခဝါချမှုတိုက်ဖျက်ဖို့**
**AFCD ကိုဝင်ကျစို့”**